# Welcome TO eWIC

eWIC မှ ကြိုဆိုပါသည်။



## eWIC ဆိုသည်မှာ အဘယ်နည်း။

လက်ရှိလနှင့် နောင်လာမည့်လများတွင် သင်နှင့် သင့်အိမ်ထောင်စုမှ ရရှိနိုင်ပြီး eWIC ကတ်ပြားတွင် ထည့်ပေးထားသည့် WIC အကျိုးခံစားခွင့်များ ဖြစ်သည်။

## အသုံးပြုရန် လွယ်ကူသည်

- သင်၏ WIC ရက်ချိန်းများတွင် အစားအစာ အကျိုးခံစားခွင့်များကို eWIC ကတ်၌ ထည့်ပေးပါသည်။
- ဤကတ်ပြားဖြင့် သင်လိုအပ်သည့် အရာကိုသာ ဝယ်နိုင်သည်။
- အကျိုးခံစားခွင့်များသည် လကုန်ချိန် သက်တမ်းကုန်သည်အထိ eWIC ကတ်တွင် ရှိနေပါသည်။



## ဘေးကင်းရေးအကြံပြုချက်များ

- သင်၏ PIN ကို လျှို့ဝှက်ထားပါ။ သင်စိတ်ချရသူတစ်စုံတစ်ဦးကိုသာ သင်၏ PIN ကို ပြောပါ။
- သင်၏ PIN ကို eWIC ကတ်တွင် မရေးပါနှင့်။
- သင်၏ PIN ကိုမေ့သွားလျှင် သို့မဟုတ် ပြောင်းလိုလျှင် သင်၏ ဒေသန္တရ WIC ရုံးကို သွားပါ။

## လိမ်လည်မှု

လိမ်လည်မှုဟုသံသယရှိသည့် အကြောင်းအရာတစ်ရပ်ကို သတင်းပေးရန် (800) 424-9121 ကို ဖုန်းဆက်ပါ၊ သို့မဟုတ် www.usda.gov/oig/hotline.htm တွင်ကြည့်ပါ။

**WIC အကျိုးခံစားခွင့်များကို ဝယ်ယူခြင်း၊ ရောင်းချခြင်း၊ လဲလှယ်ခြင်း၊ သို့မဟုတ် ပေးပစ်ခြင်းတို့သည် ဥပဒေနှင့် မညီညွတ်ပါ။**

## eWIC စျေးဝယ်ခြင်း

1။ သင်၏ ဒေသန္တရ WIC အဖွဲ့အစည်းမှ ပေးသည့် စျေးစာရင်းကို ပြန်လည်စစ်ဆေးပါ၊ သို့မဟုတ် သင်၏အကျိုးခံစားခွင့် လက်ကျန်စာရင်းတမ်း တစ်စောင် ပုံနှိပ်ပေးရန် ဆိုင်ကို တောင်းဆိုပါ။

2။ အိမ်ထောင်စုအတွက် ရနိုင်သည့် အကျိုးခံစားခွင့်အားလုံးကို eWIC ကတ်ပြားရှိ စျေးစာရင်းတွင် ဖော်ပြထားပါမည်။




3။ WIC ဟုစာကပ်ဖော်ပြထား၍ ခွင့်ပြုချက်ရသော လက်လီဆိုင်များတွင်သာ စျေးဝယ်ပါ။

4။ ပစ္စည်းများကို စကင်းမဆွဲမီ ငွေလက်ခံသူအား သင် eWIC တစ်ခု အသုံးပြုနေကြောင်း ပြောပြပါ။

5။ သင့်တွင် သင်အသုံးပြုလိုသော ကူပွန်များရှိပါက ငွေလက်ခံသူအား အသိပေးပါ။

6။ ငွေလက်ခံသူသည် သင့်အား eWIC ကတ်ပြားကို ခလုတ်ခုံထဲ ထည့်သွင်းပြီး ဂဏန်းလေးလုံးပါ PIN ထည့်ခိုင်းကာ (ထည့်သွင်းပါ) Enter ဟူသည့် ခလုတ်ကို နှိပ်ခိုင်းပါမည်။

*PIN နံပါတ်ကို ခုနစ် (၇) ကြိမ် မှားယွင်းထည့်သွင်းပြီးလျှင် eWIC ကတ်ပြားကို သုံးမရအောင် ပိတ်လိုက်ပါမည်။ သင့်ကတ်ပြား ပြန်၍အသုံးပြုနိုင်ရန် သင်၏ ဒေသန္တရ WIC ရုံးကို သွားပါ။

7။ WIC ခွင့်ပြုချက်ရ အစားအစာများကို eWIC ကတ်ပြားမှ နုတ်ယူလိုက်ပါမည်။

8။ ပစ္စည်းများကို မှန်ကန်စွာ နုတ်ယူထားကြောင်း သေချာရေးအတွက် လက်ခံဖြတ်ပိုင်းကို စစ်ဆေးပြီးနောက် သင်ဝယ်ယူထားသည်များကို အတည်ပြုရန် ခလုတ်နှိပ်လိုက်ပါ။

9။ WIC မဟုတ်သည့်အရာများကို သင်ဝယ်ပါက ထိုအရာများအတွက် သင်မည်သို့ ပေးချေလိုကြောင်းကို ငွေလက်ခံသူသည် သင့်ကိုမေးပါမည်။

10။ WIC ဝယ်ယူမှုပြီးဆုံးသွားသည့်အခါ သင့်ကတ်ပြားကို ဖယ်ရှားခိုင်းပြီး အသံတစ်ခု သို့မဟုတ် တတီတီ မြည်ပါမည်။

11။ ငွေလက်ခံသူသည် လက်ရှိလအတွက် သင်၏လက်ကျန်စာရင်း လက်ခံဖြတ်ပိုင်းတစ်ခု သင့်ကိုပေးပါမည်။

12။ ဆိုင်မှထွက်သည့်အခါ သင်၌ eWIC ကတ်ပြားနှင့် လက်ခံဖြတ်ပိုင်းရှိကြောင်း သေချာအောင်လုပ်ပါ။

13။ အသုံးမပြုလိုက်သည့် အကျိုးခံစားခွင့်များကို နောက်လသို့ သယ်သွားမည် မဟုတ်ပါ။

**ပျောက်ဆုံးသည့်၊ အခိုးခံရသည့်၊ သို့မဟုတ် ပျက်စီးသည့် ကတ်ပြားများအတွက်-**
**သင်၏ ဒေသန္တရ WIC ရုံးကို ချက်ချင်းဆက်သွယ်ပါ၊ သို့မဟုတ် (800) 554-2544 ကို တစ်နေ့ ၂၄ နာရီ၊ တစ်ပတ် ခုနစ် (၇) ရက် ဖုန်းဆက်ပါ။**

Missouri WIC Eat Healthy. Stay Well.


မစ်ဇူးရီပြည်နယ် ကျန်းမာရေးနှင့် သက်ကြီးရွယ်အိုများ ဝန်ဆောင်မှုများဌာန
WIC နှင့် အာဟာရဆိုင်ရာ ဝန်ဆောင်မှုများ
(800) TEL-LINK (800-835-5465) • WIC.MO.GOV


ဤအဖွဲ့အစည်းသည် တန်းတူအခွင့်အရေးပေးပါသည်။
EO/AA အလုပ်ရှင်တစ်ဦး- ဝန်ဆောင်မှုများကို ခွဲခြားဆက်ဆံမှုမရှိဘဲ ပေးပါသည်။
နားကြားနိုင်မှုနှင့် စကားပြောဆိုနိုင်မှု အားနည်းသောနိုင်ငံသားများ 711 ကို ဖုန်းဆက်နိုင်ပါသည်။


Missouri DHSS Department of Health and Senior Services

# 714 (05-19) Burmese